# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၁ - မဂ္ဂင်္ဂဝိဘင်္ဂ

## (မဂ္ဂင်ရှစ်ပါးတို့ကို ဝေဖန်၍ပြသောဝိဘင်း)

**၁ - သုတ္တန္တဘာဇနီယနည်း** (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသော နည်း)

**မဂ္ဂင်ရှစ်ပါး** (နိဗ္ဗာန်ရောက်ကြောင်းတရားရှစ်ပါး)

(၁) သမ္မာဒိဋ္ဌိ
(၂) သမ္မာသင်္ကပ္ပ
(၃) သမ္မာဝါစာ
(၄) သမ္မာကမ္မန္တ
(၅) သမ္မာအာဇီဝ
(၆) သမ္မာဝါယာမ
(၇) သမ္မာသတိ
(၈) သမ္မာသမာဓိ

**မဂ္ဂင်ရှစ်ပါး ဒုတိယနည်း**

(၁) သမ္မာဒိဋ္ဌိ

**၂ - အဘိဓမ္မဘာဇနီယနည်း** (အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားသောနည်း)

**လောကုတ္တရာကုသိုလ်စိတ်၌ အဋ္ဌင်္ဂိကမဂ်နည်း**

(၁) သမ္မာဒိဋ္ဌိ
(၂) သမ္မာသင်္ကပ္ပ
(၃) သမ္မာဝါစာ
(၄) သမ္မာကမ္မန္တ
(၅) သမ္မာအာဇီဝ
(၆) သမ္မာဝါယာမ
(၇) သမ္မာသတိ
(၈) သမ္မာသမာဓိ

**လောကုတ္တရာကုသိုလ်စိတ်၌ ပဉ္စင်္ဂိကမဂ် ပဌမနည်း**

(၁) သမ္မာဒိဋ္ဌိ
(၂) သမ္မာသင်္ကပ္ပ
(၃) သမ္မာဝါယာမ
(၄) သမ္မာသတိ
(၅) သမ္မာသမာဓိ

# ၁၁ - မဂ္ဂင်ဝိဘင်

ပဉ္စင်္ဂိကမဂ် ဒုတိယနည်း

(၁) သမ္မာဒိဋ္ဌိ

(၂) သမ္မာသင်္ကပ္ပ

(၃) သမ္မာဝါယာမ

(၄) သမ္မာသတိ

(၅) သမ္မာသမာဓိ

လောကုတ္တရာဝိပါက်စိတ်၌ အဋ္ဌင်္ဂိကမဂ်နည်း

လောကုတ္တရာဝိပါက်စိတ်၌ ပဉ္စင်္ဂိကမဂ် ပဌမနည်း

ပဉ္စင်္ဂိကမဂ် ဒုတိယနည်း

(၁) သမ္မာဒိဋ္ဌိ

(၂) သမ္မာသင်္ကပ္ပ

(၃) သမ္မာဝါယာမ

(၄) သမ္မာသတိ

(၅) သမ္မာသမာဓိ

# ၁၁ - မဂ္ဂင်ဝိဘင်္ဂ

## ၃ - ပဉ္စာပုစ္ဆကနည်း (အမေးအဖြေပြု၍ ဟောကြားသောနည်း)

မဂ္ဂင်ရှစ်ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကိုပြခြင်း

တိက် ၂၂-တိက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း

(၁) ကုသလတိက်အမေးပုစ္ဆာ

ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း

(၁၀၀) သရဏဒုက်အမေးပုစ္ဆာ

မဂ္ဂင်ရှစ်ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

တိက် ၂၂-တိက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

(၁) ကုသလတိက်အဖြေ
(၂) ဝေဒနာတိက်အဖြေ
(၃) ဝိပါကတိက်အဖြေ
(၄) ဥပါဒိန္နတိက်အဖြေ
(၅) သံကိလိဋ္ဌတိက်အဖြေ
(၆) ဝိတက္ကတိက်အဖြေ
(၇) ပီတိတိက်အဖြေ
(၈) ဒဿနတိက်အဖြေ
(၉) ဒဿနဟေတုတိက်အဖြေ
(၁၀) အာစယဂါမိတိက်အဖြေ
(၁၁) သေက္ခတိက်အဖြေ
(၁၂) ပရိတ္တတိက်အဖြေ
(၁၃) ပရိတ္တာရမ္မဏတိက်အဖြေ
(၁၄) ဟီနတိက်အဖြေ
(၁၅) မိစ္ဆတ္တတိက်အဖြေ
(၁၆) မဂ္ဂါရမ္မဏတိက်အဖြေ
(၁၇) ဥပ္ပန္နတိက်အဖြေ
(၁၈) အတီတတိက်အဖြေ
(၁၉) အတီတာရမ္မဏတိက်အဖြေ
(၂၀) အဇ္ဈတ္တတိက်အဖြေ
(၂၁) အဇ္ဈတ္တာရမ္မဏတိက်အဖြေ
(၂၂) သနိဒဿနတိက်အဖြေ

ဒုက်၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

ဟေတုဂေါစ္ဆကအဖြေဝိသဇ္ဇနာ

(၁) ဟေတုဒုက်
(၂) သဟေတုကဒုက်
(၃) ဟေတုသမ္ပယုတ္တဒုက်
(၄) ဟေတုသဟေတုကဒုက်
(၅) ဟေတုဟေတုသမ္ပယုတ္တဒုက်
(၆) နဟေတုသဟေတုကဒုက်

# ၁၁ - မဂ္ဂင်ဝိဘင်

ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက်
(၈) သင်္ခတဒုက်
(၉) သနိဒဿနဒုက်
(၁၀) သပ္ပဋိဃဒုက်
(၁၁) ရူပီဒုက်
(၁၂) လောကိယဒုက်
(၁၃) ကေနစိဝိညေယျဒုက်

အာသဝဂေါစ္ဆကဒုက်အဖြေဝိသဇ္ဇနာ

(၁၄) အာသဝဒုက်
(၁၅) သာသဝဒုက်
(၁၆) အာသဝသမ္ပယုတ္တဒုက်
(၁၇) အာသဝသာသဝဒုက်
(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက်
(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

သံယောဇနဂေါစ္ဆကအဖြေ

(၂၀-၂၅) သံယောဇနဒုက်

ဂန္ထဂေါစ္ဆကအဖြေ

(၂၆-၃၁) ဂန္ထဒုက်

ဩဃဂေါစ္ဆကအဖြေ

(၃၂-၃၇) ဩဃဒုက်

ယောဂဂေါစ္ဆကအဖြေ

(၃၈-၄၃) ယောဂဒုက်

နီဝရဏဂေါစ္ဆကအဖြေ

(၄၄-၄၉) နီဝရဏဒုက်

ပရာမာသဂေါစ္ဆကအဖြေ

(၅၀-၅၄) ပရာမာသဒုက်

# ၁၁ - မဂ္ဂဝိဘင်္ဂ

ဒုက်၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

မဟန္တရဒုက်အဖြေဝိသဇ္ဇနာ

(၅၅) သာရမ္မဏဒုက်
(၅၆) စိတ္တဒုက်
(၅၇) စေတသိကဒုက်
(၅၈) စိတ္တသမ္ပယုတ္တဒုက်
(၅၉) စိတ္တသံသဋ္ဌဒုက်
(၆၀) စိတ္တသမုဋ္ဌာနဒုက်
(၆၁) စိတ္တသဟဘူဒုက်
(၆၂) စိတ္တာနုပရိဝတ္တိဒုက်
(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်
(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက်
(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်
(၆၆) အဇ္ဈတ္တိကဒုက်
(၆၇) ဥပါဒါဒုက်
(၆၈) ဥပါဒိန္နဒုက်

ဥပါဒါနဂေါစ္ဆကအဖြေ

(၆၉-၇၄) ဥပါဒါနဒုက်

ကိလေသဂေါစ္ဆကအဖြေ

(၇၅-၈၂) ကိလေသဒုက်

ပိဋ္ဌိဒုက်အဖြေဝိသဇ္ဇနာ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်
(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်
(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်
(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်
(၈၇) သဝိတက္ကဒုက်
(၈၈) သဝိစာရဒုက်
(၈၉) သပ္ပီတိကဒုက်
(၉၀) ပီတိသဟဂတဒုက်
(၉၁) သုခသဟဂတဒုက်
(၉၂) ဥပေက္ခာသဟဂတဒုက်
(၉၃) ကာမာဝစရဒုက်
(၉၄) ရူပါဝစရဒုက်
(၉၅) အရူပါဝစရဒုက်
(၉၆) ပရိယာပန္နဒုက်
(၉၇) နိယျာနိကဒုက်
(၉၈) နိယတဒုက်
(၉၉) သဥတ္တရဒုက်
(၁၀၀) သရဏဒုက်

မဂ္ဂင်ရှစ်ပါးတို့ကို ဝေဖန်၍ပြသော

မဂ္ဂဝိဘင်း မာတိကာ ပြီးပြီ။

------

# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၁ - မဂ္ဂင်္ဂဝိဘင်္ဂ

## (မဂ္ဂင်ရှစ်ပါးတို့ကို ဝေဖန်၍ပြသောဝိဘင်း)

## ၁ - သုတ္တန္တဘာဇနီယနည်း

## (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသော နည်း)

## မဂ္ဂင်ရှစ်ပါး

## (နိဗ္ဗာန်ရောက်ကြောင်းတရားရှစ်ပါး)

၄၈၆။ ဖြူစင်မြင့်မြတ်သည့် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည် ရှိ၏။ ဤအင်္ဂါရှစ်ပါးတို့သည် အဘယ်တို့နည်း။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ ပြောဆိုမှု 'သမ္မာဝါစာ'၊ ကောင်းစွာ ပြုလုပ်မှု 'သမ္မာကမ္မန္တ'၊ ကောင်းစွာ အသက်မွေးမှု 'သမ္မာအာဇီဝ'၊ ကောင်းစွာ အားထုတ်မှု "သမ္မာဝါယာမ"၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာ သမာဓိ' တို့တည်း။

### (၁) သမ္မာဒိဋ္ဌိ

၄၈၇။ ထိုတွင် အဘယ်သည် ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' မည်သနည်း။

ဆင်းရဲ၌ သိမှု 'ပညာ'၊ ဆင်းရဲဖြစ်ကြောင်း၌ သိမှု 'ပညာ'၊ ဆင်းရဲချုပ်ရာ၌ သိမှု 'ပညာ'၊ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ သိမှု 'ပညာ'သည် ရှိ၏။ ဤသဘောကို ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' ဟု ဆိုအပ်၏။

### (၂) သမ္မာသင်္ကပ္ပ

ထိုတွင် အဘယ်သည် ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' မည်သနည်း။

ကာမတို့မှ ထွက်မြောက်ရန် ကြံစည်မှု 'နေက္ခမ္မသင်္ကပ္ပ'၊ မပျက်စီးစေရန် ကြံစည်မှု 'အဗျာပါဒ သင်္ကပ္ပ'၊ မညှဉ်းဆဲရန် ကြံစည်မှု 'အဝိဟိံသာသင်္ကပ္ပ' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' ဟု ဆိုအပ်၏။

## (၃) သမ္မာဝါစာ

ထိုတွင် အဘယ်သည် ကောင်းစွာပြောဆိုမှု ‘သမ္မာဝါစာ’ မည်သနည်း။

မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်မှု ၊ ကုန်းချောစကားမှ ရှောင်ကြဉ်မှု ၊ ကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်မှု ၊ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်မှုသည် ရှိ၏။ ဤသဘောကို ကောင်းစွာ ပြောဆိုမှု ‘သမ္မာဝါစာ’ ဟု ဆိုအပ်၏။

## (၄) သမ္မာကမ္မန္တ

ထိုတွင် အဘယ်သည် ကောင်းစွာ ပြုလုပ်မှု ‘သမ္မာကမ္မန္တ’ မည်သနည်း။

အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု ၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်မှု ၊ ကာမဂုဏ်တို့၌ မှားသော အကျင့်မှ ရှောင်ကြဉ်မှုသည် ရှိ၏။ ဤသဘောကို ကောင်းစွာ ပြုလုပ်မှု ‘သမ္မာကမ္မန္တ’ ဟု ဆိုအပ်၏။

## (၅) သမ္မာအာဇီဝ

ထိုတွင် အဘယ်သည် ကောင်းစွာအသက်မွေးမှု ‘သမ္မာအာဇီဝ’ မည်သနည်း။

ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်သာဝကသည် မှားသော အသက်မွေးမှုကို ပယ်၍ ကောင်းသော အသက်မွေးမှုဖြင့် အသက်ကို မွေးမြူ၏။ ဤသဘောကို ကောင်းစွာ အသက်မွေးမှု ‘သမ္မာ အာဇီဝ’ ဟု ဆိုအပ်၏။

## (၆) သမ္မာဝါယာမ

ထိုတွင် အဘယ်သည် ကောင်းစွာ အားထုတ်မှု ‘သမ္မာဝါယာမ’ မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော အကုသိုလ် အယုတ်တရားတို့ကို မဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အထပ်ထပ် အားထုတ်၏။ ဖြစ်ပြီးသော အကုသိုလ် အယုတ်တရားတို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အထပ်ထပ် အားထုတ်၏။ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အထပ်ထပ် အားထုတ်၏။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန်၊ မပျောက်ပျက်ရန်၊ အထပ်ထပ်ဖြစ်ရန်၊ ပြန့်ပွါးရန်၊ တိုးပွါးရန်၊ ပြည့်စုံစေရန်၊ ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အထပ်ထပ် အားထုတ်၏။ ဤသဘောကို ကောင်းစွာ အားထုတ်မှု ‘သမ္မာဝါယာမ’ ဟု ဆိုအပ်၏။

## (၇) သမ္မာသတိ

ထိုတွင် အဘယ်သည် ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် ကိလေသာကို ပြင်းစွာ ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာရှိသည်ဖြစ်၍ အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ် တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ' ကို ပယ်ဖျောက်၍ ဆံပင်စသော ရုပ်အပေါင်း၌ ဆံပင်စသော ရုပ်အပေါင်းဟု အဖန်ဖန် အထပ်ထပ် ရှုလျက်နေ၏။ ကိလေသာကို ပြင်းစွာ ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာရှိသည် ဖြစ်၍ အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ' ကို ပယ်ဖျောက်၍ ခံစားမှု ဝေဒနာတို့၌ ချမ်းသာစသော ခံစားမှု ဝေဒနာတို့ဟု အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ ကိလေသာကို ပြင်းစွာ ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာရှိသည်ဖြစ်၍ အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ' ကို ပယ်ဖျောက်၍ စိတ်တို့၌ (ရာဂစသော) စိတ်ဟု အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ ကိလေသာကို ပြင်းစွာ ပူပန်စေတတ်သော လုံ့လရှိသည် ဖြစ်၍ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာရှိသည် ဖြစ်၍ အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ' ကို ပယ်ဖျောက်၍ သဘောတရားတို့၌ (ခန္ဓာစသော) တရားတို့ဟု အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ ဤသဘောကို ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' ဟု ဆိုအပ်၏။

## (၈) သမ္မာသမာဓိ

ထိုတွင် အဘယ်သည် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ ကြံစည်ခြင်း 'ဝိတက်' နှင့်တကွဖြစ်သော၊ ဆင်ခြင်သုံးသပ်ခြင်း 'ဝိစာရ' နှင့်တကွဖြစ်သော၊ (နီဝရဏ) ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ နှစ်သက်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ကြံစည်ခြင်း 'ဝိတက်' ဆင်ခြင်သုံးသပ်ခြင်း 'ဝိစာရ' တို့၏ ငြိမ်းအေးခြင်းကြောင့် မိမိသန္တာန်၌ ဖြစ်သော၊ စိတ်ကို ကြည်လင်စေတတ်သော၊ စိတ်တည်ကြည်ခြင်း 'သမာဓိ' ကို ဖြစ်ပွါးစေတတ်သော၊ ကြံစည်ခြင်း 'ဝိတက်' ဆင်ခြင်သုံးသပ်ခြင်း 'ဝိစာရ' မရှိသော၊ တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော၊ နှစ်သက်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယဈာန်ကို ပြည့်စုံစေ၍ နေ၏။ နှစ်သက်ခြင်း 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့် လျစ်လျူရှုလျက်သာလျှင် နေ၏။ အောက်မေ့ခြင်း 'သတိ' ကောင်းစွာ အပြားအားဖြင့် သိခြင်း 'သမ္ပဇဉ်' နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစား၏။ အကြင် တတိယဈာန်ကြောင့် ထိုသူကို အရိယာပုဂ္ဂိုလ်တို့က "လျစ်လျူရှုနိုင်သူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု ချီးမွမ်းတော် မူကြကုန်၏။ ထိုတတိယဈာန်ကို ပြည့်စုံစေ၍ နေ၏။ ချမ်းသာခြင်း 'သုခ', ဆင်းရဲခြင်း 'ဒုက္ခ' ကို ပယ်ခြင်းကြောင့် လည်းကောင်း၊ ရှေးဦးကပင်လျှင် ဝမ်းမြောက်ခြင်း 'သောမနဿ', စိတ်နှလုံးမသာယာခြင်း 'ဒေါမနဿ' တို့၏ ချုပ်နှင့်ခြင်းကြောင့် လည်းကောင်း ဆင်းရဲခြင်း 'ဒုက္ခ' လည်း မဟုတ် ချမ်းသာခြင်း 'သုခ' လည်း မဟုတ်သော လျစ်လျူရှုခြင်း 'ဥပေက္ခာ' ကြောင့် ဖြစ်သည့် သတိ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။ ဤသဘောကို ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' ဟု ဆိုအပ်၏။

------

# မဂ္ဂင်္ဂဝိဘင်္ဂ

## မဂ္ဂင်ရှစ်ပါး ဒုတိယနည်း

၄၈၈။ ဖြူစင်မြင့်မြတ်သည့် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည် ရှိ၏။ ဤအင်္ဂါရှစ်ပါးတို့သည် အဘယ်တို့နည်း။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ ပြောဆိုမှု 'သမ္မာဝါစာ'၊ ကောင်းစွာ ပြုလုပ်မှု 'သမ္မာကမ္မန္တ'၊ ကောင်းစွာ အသက်မွေးမှု 'သမ္မာအာဇီဝ'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။

### (၁) သမ္မာဒိဋ္ဌိ

၄၈၉။ ထိုတွင် အဘယ်သည် ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်း၌ မှီသော၊ ရာဂကင်းခြင်း၌ မှီသော၊ ချုပ်ငြိမ်းမှု၌ မှီသော၊ နိဗ္ဗာန်သို့ ညွတ်သော ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' ကို ပွါးများ၏။ပ။ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' ကို ပွါးများ၏။ပ။ ကောင်းစွာ ပြောဆိုမှု 'သမ္မာဝါစာ' ကို ပွါးများ၏။ပ။ ကောင်းစွာ ပြုလုပ်မှု 'သမ္မာကမ္မန္တ' ကို ပွါးများ၏။ပ။ ကောင်းစွာ အသက်မွေးမှု 'သမ္မာအာဇီဝ' ကို ပွါးများ၏။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' ကို ပွါးများ၏။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' ကို ပွါးများ၏။ ဆိတ်ငြိမ်ခြင်း၌ မှီသော၊ ရာဂ ကင်းခြင်း၌ မှီသော၊ ချုပ်ငြိမ်းမှု၌ မှီသော၊ နိဗ္ဗာန်သို့ ညွတ်သော ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' ကို ပွါးများ၏။

**သုတ္တန္တဘာဇနီယနည်း ပြီး၏။**

# မဂ္ဂင်ဝိဘင်

## ၂ - အဘိဓမ္မဘာဇနီယနည်း

## (အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားသောနည်း)

## လောကုတ္တရာကုသိုလ်စိတ်၌ အဋ္ဌင်္ဂိကမဂ်နည်း

၄၉၀။ အင်္ဂါရှစ်ပါးရှိသော မဂ်သည် ရှိ၏။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' ။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။

၄၉၁။ ထိုတွင် အဘယ်သည် အင်္ဂါရှစ်ပါးရှိသော မဂ်မည် သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' ။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' ဟု ဆိုအပ်သော အင်္ဂါရှစ်ပါးရှိသော မဂ်သည် ဖြစ်၏။

### (၁) သမ္မာဒိဋ္ဌိ

၄၉၂။ ထိုတွင် အဘယ်သည် ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' မည်သနည်း။

အကြင် အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ "ပဇာနနာ" ။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ မဂ်၏ အင်္ဂါ ဖြစ်သော၊ မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ သမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' ဟု ဆိုအပ်၏။

### (၂) သမ္မာသင်္ကပ္ပ

ထိုတွင် အဘယ်သည် ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' မည်သနည်း။

အကြင် ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'၊ ကောင်းစွာကြံစည်မှု 'သင်္ကပ္ပ'၊ အာရုံသို့ ရောက်စေမှု 'အပ္ပနာ'၊ အထူးရောက်စေမှု 'ဗျပ္ပနာ'၊ စိတ်ကို အာရုံသို့ တင်ပေးမှု 'အဘိနိရောပနာ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' ဟု ဆိုအပ်၏။

### (၃) သမ္မာဝါစာ

ထိုတွင် အဘယ်သည် ကောင်းစွာပြောဆိုမှု 'သမ္မာဝါစာ' မည်သနည်း။

ဝစီဒုစရိုက်လေးပါးတို့မှ အကြင်ဝေးစွာ ရှောင်ကြဉ်မှု 'အာရတိ'၊ အထူးရှောင်ကြဉ်မှု 'ဝိရတိ'၊ အထပ်ထပ် ရှောင်ကြဉ်မှု 'ပဋိဝိရတိ'၊ ကင်းစွာ ရှောင်ကြဉ်မှု 'ဝေရမဏီ'၊ မပြုခြင်း 'အကိရိယာ'၊ မလုပ်ခြင်း 'အကရဏ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကို မလွန်ခြင်း 'ဝေလာအနတိက္ကမ'၊ အကြွင်းမဲ့ ပယ်သတ်ခြင်း 'သေတုဃာတ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော ဝစီဒုစရိုက်မှ ရှောင်ကြဉ်မှု 'သမ္မာဝါစာ' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ ပြောဆိုမှု 'သမ္မာဝါစာ' ဟု ဆိုအပ်၏။

## (၄) သမ္မာကမ္မန္တ

ထိုတွင် အဘယ်သည် ကောင်းစွာပြုလုပ်မှု ‘သမ္မာကမ္မန္တ’ မည်သနည်း။

ကာယဒုစရိုက်သုံးပါးတို့မှ အကြင် ဝေးစွာ ရှောင်ကြဉ်မှု ‘အာရတိ’၊ အထူးရှောင်ကြဉ်မှု ‘ဝိရတိ’၊ အထပ်ထပ် ရှောင်ကြဉ်မှု ‘ပဋိဝိရတိ’၊ ကင်းစွာ ရှောင်ကြဉ်မှု ‘ဝေရမဏီ’၊ မပြုခြင်း ‘အကိရိယာ’၊ မလုပ်ခြင်း ‘အကရဏ’၊ မလွန်ကျူးခြင်း ‘အနဇ္ဈာပတ္တိ’၊ ကမ်းကို မလွန်ခြင်း ‘ဝေလာအနတိက္ကမ’၊ အကြွင်းမဲ့ ပယ်သတ်ခြင်း ‘သေတုဃာတ’၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော ကာယဒုစရိုက်မှ ရှောင်ကြဉ်မှု ‘သမ္မာကမ္မန္တ’ သည် ရှိ၏။ ဤသဘောကို ကောင်းစွာ ပြုလုပ်မှု ‘သမ္မာကမ္မန္တ’ ဟု ဆိုအပ်၏။

## (၅) သမ္မာအာဇီဝ

ထိုတွင် အဘယ်သည် ကောင်းစွာအသက်မွေးမှု ‘သမ္မာအာဇီဝ’ မည်သနည်း။

အကြင် မှားသော အသက်မွေးမှုမှ ဝေးစွာ ရှောင်ကြဉ်မှု ‘အာရတိ’၊ အထူးရှောင်ကြဉ်မှု ‘ဝိရတိ’၊ အထပ်ထပ် ရှောင်ကြဉ်မှု ‘ပဋိဝိရတိ’၊ ကင်းစွာ ရှောင်ကြဉ်မှု ‘ဝေရမဏီ’၊ မပြုခြင်း ‘အကိရိယာ’၊ မလုပ်ခြင်း ‘အကရဏ’၊ မလွန်ကျူးခြင်း ‘အနဇ္ဈာပတ္တိ’၊ ကမ်းကို မလွန်ခြင်း ‘ဝေလာအနတိက္ကမ’၊ အကြွင်းမဲ့ ပယ်သတ်ခြင်း ‘သေတုဃာတ’၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော မှားသော အသက်မွေးမှုမှ ရှောင်ကြဉ်မှု ‘သမ္မာအာဇီဝ’ သည် ရှိ၏။ ဤသဘောကို ကောင်းစွာ အသက်မွေးမှု ‘သမ္မာအာဇီဝ’ ဟု ဆိုအပ်၏။

## (၆) သမ္မာဝါယာမ

ထိုတွင် အဘယ်သည် ကောင်းစွာအားထုတ်မှု ‘သမ္မာဝါယာမ’ မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော အားထုတ်မှု ‘ဝီရိယာရမ္ဘ’။ပ။ ကောင်းစွာ အားထုတ်မှု ‘သမ္မာဝါယာမ’၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း အားထုတ်မှု ‘ဝီရိယသမ္ဗောဇ္ဈင်’ သည် ရှိ၏။ ဤသဘောကို ကောင်းစွာ အားထုတ်မှု ‘သမ္မာဝါယာမ’ ဟု ဆိုအပ်၏။

## (၇) သမ္မာသတိ

ထိုတွင် အဘယ်သည် ကောင်းစွာ အောက်မေ့မှု ‘သမ္မာသတိ’ မည်သနည်း။

အကြင် အောက်မေ့မှု ‘သတိ’၊ အထပ်ထပ် အောက်မေ့မှု ‘အနုဿတိ’။ပ။ ကောင်းစွာ အောက်မေ့မှု ‘သမ္မာသတိ’ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း အောက်မေ့မှု ‘သတိသမ္ဗောဇ္ဈင်’ သည် ရှိ၏။ ဤသဘောကို ကောင်းစွာ အောက်မေ့မှု ‘သမ္မာသတိ’ ဟု ဆိုအပ်၏။

## (၈) သမ္မာသမာဓိ

ထိုတွင် အဘယ်သည် ကောင်းစွာ တည်ကြည်မှု ‘သမ္မာသမာဓိ’ မည်သနည်း။

အကြင် စိတ်၏ တည်တံ့မှု ‘ဌိတိ’ ။ပ။ ကောင်းစွာ တည်ကြည်မှု ‘သမ္မာသမာဓိ’၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း တည်ကြည်မှု ‘သမာဓိသမ္ဗောဇ္ဈင်’ သည် ရှိ၏။ ဤသဘောကို ကောင်းစွာ တည်ကြည်မှု ‘သမ္မာသမာဓိ’ ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော တရားတို့ကို အင်္ဂါရှစ်ပါးရှိသော မဂ်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် အင်္ဂါရှစ်ပါးရှိသော မဂ်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

------

# မဂ္ဂင်ဝိဘင်

## လောကုတ္တရာကုသိုလ်စိတ်၌ ပဉ္စင်္ဂိကမင် ပဌမနည်း

၄၉၃။ အင်္ဂါငါးပါးရှိသော မဂ်သည် ရှိ၏။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။

၄၉၄။ ထိုတွင် အဘယ်သည် အင်္ဂါငါးပါးရှိသော မဂ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲခြင်းသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' ဟူသော အင်္ဂါငါးပါးရှိသော မဂ်သည် ဖြစ်၏။

### (၁) သမ္မာဒိဋ္ဌိ

၄၉၅။ ထိုတွင် အဘယ်သည် ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' မည်သနည်း။

အကြင် အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ သမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' ဟု ဆိုအပ်၏။

### (၂) သမ္မာသင်္ကပ္ပ

ထိုတွင် အဘယ်သည် ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' မည်သနည်း။

အကြင် ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'။ပ။ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' ဟု ဆိုအပ်၏။

### (၃) သမ္မာဝါယာမ

ထိုတွင် အဘယ်သည် ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော အားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း အားထုတ်မှု 'ဝီရိယ သမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' ဟု ဆိုအပ်၏။

### (၄) သမ္မာသတိ

ထိုတွင် အဘယ်သည် ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' မည်သနည်း။

အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' ဟု ဆိုအပ်၏။

### (၅) သမ္မာသမာဓိ

ထိုတွင် အဘယ်သည် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' မည်သနည်း။

အကြင်စိတ်၏ တည်တံ့မှု 'ဌိတိ'။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ မဂ်၏ အင်္ဂါဖြစ်သော မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော တရားတို့ကို အင်္ဂါငါးပါးရှိသော မဂ်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် အင်္ဂါငါးပါးရှိသော မဂ်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

------

# မဂ္ဂင်္ဂဝိဘင်္ဂ

## ပဉ္စင်္ဂိကမဂ် ဒုတိယနည်း

၄၉၆။ အင်္ဂါငါးပါးရှိသော မဂ်သည် ရှိ၏။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။

### (၁) သမ္မာဒိဋ္ဌိ

၄၉၇။ ထိုတွင် အဘယ်သည် ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင် အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ' ။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်း သဘောတရားကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်' သည် ရှိ၏။ဤသဘောကို ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### (၂) သမ္မာသင်္ကပ္ပ

။ပ။ ကြွင်းသော တရားတို့သည် ကောင်းစွာ ကြံစည်မှု သမ္မာသင်္ကပ္ပနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### (၃) သမ္မာဝါယာမ

။ပ။ ကြွင်းသော တရားတို့သည် ကောင်းစွာ အားထုတ်မှု သမ္မာဝါယာမနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### (၄) သမ္မာသတိ

။ပ။ ကြွင်းသော တရားတို့သည် ကောင်းစွာ အောက်မေ့မှု သမ္မာသတိနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### (၅) သမ္မာသမာဓိ

ထိုတွင် အဘယ်သည် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

ဆင်းရဲသော အကျင့် ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင် စိတ်၏ တည်တံ့မှု 'ဌိတိ'။ပ။

ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ' နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

------

# မဂ္ဂင်ဝိဘင်

## လောကုတ္တရာဝိပါက်စိတ်၌ အင်္ဂါကမင်နည်း

၄၉၈။ အင်္ဂါရှစ်ပါးရှိသော မဂ်သည် ရှိ၏။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' ။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။

၄၉၉။ ထိုတွင် အဘယ်သည် အင်္ဂါရှစ်ပါးရှိသော မဂ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။

မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုလောကုတ္တရာ ကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော အတ္တမှ ဆိတ်သော အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'။ပ။

ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' ဟူသော အင်္ဂါရှစ်ပါးရှိသော မဂ်သည် ဖြစ်၏။ ဤဆို အပ်ခဲ့ပြီးသော တရားတို့ကို အင်္ဂါရှစ်ပါးရှိသော မဂ်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် အင်္ဂါရှစ်ပါးရှိသော မဂ်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

------

# မဂ္ဂင်ဝိဘင်

## လောကုတ္တရာဝိပါက်စိတ်၌ ပဥ္စင်္ဂိကမင် ပဌမနည်း

၅၀၀။ အင်္ဂါငါးပါးရှိသော မဂ်သည် ရှိ၏။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။

၅၀၁။ ထိုတွင် အဘယ်သည် အင်္ဂါငါးပါးရှိသောမဂ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း။ ထိုလောကုတ္တရာ ကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုးဝိပါက်ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' ဟူသော အင်္ဂါငါးပါးရှိသော မဂ်သည် ဖြစ်၏။*

ဤဆိုအပ်ခဲ့ပြီးသော တရားတို့ကို အင်္ဂါငါးပါးရှိသော မဂ်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် အင်္ဂါငါးပါးရှိသော မဂ်နှင့်ယှဉ်သောတရားတို့ မည်ကုန်၏။

* ဤခရေပွင့် နေရာ၌ ပေယျာလ ရှိသင့်ပါသည်။

------

# မဂ္ဂင်ဝိဘင်

## ပဉ္စင်္ဂီကမင် ဒုတိယနည်း

၅၀၂။ အင်္ဂါငါးပါးရှိသော မဂ်သည် ရှိ၏။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။

### (၁) သမ္မာဒိဋ္ဌိ

၅၀၃။ ထိုတွင် အဘယ်သည် ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုလောကုတ္တရာ ကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင် အပြားအားဖြင့်သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ' သည်။ပ။

မတွေဝေမှု 'အမောဟ'၊ သဘောတရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်း သဘောတရားကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### (၂) သမ္မာသင်္ကပ္ပ

။ပ။ ကြွင်းသော တရားတို့သည် ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### (၃) သမ္မာဝါယာမ

။ပ။ ကြွင်းသော တရားတို့သည် ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## (၄) သမ္မာသတိ

။ပ။ ကြွင်းသော တရားတို့သည် ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## (၅) သမ္မာသမာဓိ

ထိုတွင် အဘယ်သည် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နှေးနှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။

မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုလောကုတ္တရာ ကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

ဆင်းရဲခြင်းသော အကျင့်ရှိသော, နှေးနှေးသော အသိဉာဏ်ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုးဝိပါက် ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင် စိတ်၏ တည်တံ့မှု 'ဌိတိ'၊ ကောင်းစွာ တည်တံ့မှု 'သံဌိတိ'၊ သက်ဝင်၍ တည်တံ့မှု 'အဝဋ္ဌိတိ'၊ မရွေ့ရှားမှု 'အဝိသာဟာရ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'၊ မရွေ့ရှားသောစိတ် ရှိသည်၏အဖြစ် 'အဝိသာဟဋ မာနသတာ'၊ ငြိမ်သက်မှု 'သမထ'၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

**အဘိဓမ္မဘာဇနီယနည်း ပြီး၏။**

------

# မဂ္ဂင်ဝိဘင်္ဂ

## ၃ - ပဉ္စာပုစ္ဆကနည်း

## (အမေးအဖြေပြု၍ ဟောကြားသောနည်း)

၅၀၄။ ဖြူစင်မြင့်မြတ်သည့် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည် ရှိ၏။ ဤအင်္ဂါရှစ်ပါးတို့သည် အဘယ်တို့နည်း။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ ပြောဆိုမှု 'သမ္မာဝါစာ'၊ ကောင်းစွာ ပြုလုပ်မှု 'သမ္မာကမ္မန္တ'၊ ကောင်းစွာ အသက်မွေးမှု 'သမ္မာအာဇီဝ'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။

### မဂ္ဂင်ရှစ်ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

### အမေးပုစ္ဆာနည်းသက်သက်ကိုပြခြင်း

### တိက် ၂၂-တိက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း

**(၁) ကုသလတိက်အမေးပုစ္ဆာ**

၅၀၅။ မဂ္ဂင်ရှစ်ပါးတို့တွင်-

ကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

အကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

အဗျာကတတရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။

### ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း

**(၁၀၀) သရဏဒုက်အမေးပုစ္ဆာ**

ကိလေသာနှင့်တကွ ဖြစ်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

ကိလေသာနှင့်တကွ မဖြစ်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

# မဂ္ဂင်ဝိဘင်္ဂ

## မဂ္ဂင်ရှစ်ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

## အဖြေဝိသဇ္ဇနာကိုပြခြင်း

## တိက် ၂၂-တိက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

### (၁) ကုသလတိက်အဖြေ

၅၀၆။ (မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါ ကုသိုလ် ဖြစ်ကုန်၏။ ရံခါ အဗျာကတ ဖြစ်ကုန်၏။

### (၂) ဝေဒနာတိက်အဖြေ

ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' မဂ္ဂင်သည် သုခဝေဒနာနှင့် ယှဉ်၏။ ကြွင်းသော မဂ္ဂင် ခုနစ်ပါးတို့သည် ရံခါ သုခဝေဒနာနှင့် ယှဉ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏။

### (၃) ဝိပါကတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါ ကုသိုလ်အကုသိုလ်တို့၏ အကျိုး ဖြစ်ကုန်၏။ ရံခါ အကျိုးကို ဖြစ်စေခြင်း သဘော ရှိကုန်၏။

### (၄) ဥပါဒိန္နတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူ အပ်၊ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်။

### (၅) သံကိလိဋ္ဌတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်၊ ကိလေသာတို့၏ အာရုံ လည်း မဖြစ်ကုန်။

### (၆) ဝိတက္ကတိက်အဖြေ

ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' သည် ဝိတက်ကား မရှိ၊ ဝိစာရမျှသာ ရှိ၏။ ကြွင်းသော မဂ္ဂင် ခုနစ်ပါးတို့သည် ရံခါ ဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိကုန်၏။ ရံခါ ဝိတက်ကား မရှိ၊ ဝိစာရမျှသာ ရှိကုန်၏။ ရံခါ ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။

### (၇) ပီတိတိက်အဖြေ

ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' သည် ပီတိနှင့်တကွ ဖြစ်၏။ သုခဝေဒနာနှင့်တကွ ဖြစ်၏။ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်။ ကြွင်းသော မဂ္ဂင် ခုနစ်ပါးတို့သည် ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။

### (၈) ဒဿနတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့် ပယ်အပ်သည်လည်း မဟုတ်ကုန်။

## (၉) ဒဿနပဟေတုတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ် သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

## (၁၀) အာစယဂါမိတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ကုန်၏။ ရံခါ စုတိပဋိသန္ဓေသို့ ရောက် ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်။

## (၁၁) သေက္ခတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏၊ ရံခါ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်ကုန်၏။

## (၁၂) ပရိတ္တတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကိလေသာ မရှိကုန်။

## (၁၃) ပရိတ္တာရမ္မဏတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) လောကုတ္တရာကို အာရုံပြုကုန်၏။

## (၁၄) ဟီနတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) မြတ်သော တရားတို့ ဖြစ်ကုန်၏။

## (၁၅) မိစ္ဆတ္တတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေး မြဲကုန်၏။ ရံခါ အကျိုးပေး မမြဲကုန်။

## (၁၆) မဂ္ဂါရမ္မဏတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) မဂ်ကို အာရုံ မပြုကုန်၊ ရံခါ မဂ်ဟု ဆိုအပ်သော အကြောင်း ဟိတ် ရှိကုန်၏။ ရံခါ မဂ်ဟု ဆိုအပ်သော အဓိပတိပစ္စည်း ရှိကုန်၏။ ရံခါ မဂ်ဟု ဆိုအပ်သော အကြောင်း ဟိတ် ရှိကုန်၏ဟူ၍ လည်းကောင်း၊ မဂ်ဟု ဆိုအပ်သော အဓိပတိပစ္စည်း ရှိကုန်၏ဟူ၍ လည်းကောင်း မဆို အပ်ကုန်။ (တိက်မုတ်)

## (၁၇) ဥပ္ပန္နတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါ ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်၏။ ရံခါခဏ သုံးပါးသို့ ရောက်ပြီး, ရောက်ဆဲ မဟုတ်ကုန်။ ရံခါ ပြီးပြီးသော အကြောင်း တစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့ ဖြစ်ကုန်၏။

## (၁၈) အတီတတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါဖြစ်ပြီး 'အတိတ်' ဖြစ်ကုန်၏။ ရံခါ မရောက်သေး (ဖြစ်လတ္တံ့) 'အနာဂတ်' ဖြစ်ကုန်၏။ ရံခါ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ဖြစ်ကုန်၏။

## (၁၉) အတီတာရမ္မဏတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့ကို) ဖြစ်ပြီး 'အတိတ်' ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ မရောက်သေး (ဖြစ်လတ္တံ့) 'အနာဂတ်' ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ (တိက်မုတ်)

## (၂၀) အဇ္ဈတ္တတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) ရုံခါ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏။ ရုံခါ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။ ရုံခါ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။

## (၂၁) အဇ္ဈတ္တာရမ္မဏတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) အပ'ဗဟိဒ္ဓ' တရား (နိဗ္ဗာန်) ကို အာရုံပြုကုန်၏။

## (၂၂) သနိဒဿနတိက်အဖြေ။

(မဂ္ဂင်ရှစ်ပါးတို့သည်) မြင်ခြင်းလည်း မရှိ၊ ထိပါးခြင်းလည်း မရှိကုန်။

------

# မဂ္ဂဝိဘင်္ဂ

## ဒုက်၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

## ဟေတုဂေါစ္ဆကအဖြေဝိသဇ္ဇနာ

**(၁) ဟေတုဒုက်**

၅၀၇။ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိမဂ္ဂင်' သည် ဟိတ်မည်၏။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့သည် ဟိတ် မမည်ကုန်။

**(၂) သဟေတုကဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) ဟိတ် ရှိကုန်၏။

**(၃) ဟေတုသမ္ပယုတ္တဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) ဟိတ်နှင့် ယှဉ်ကုန်၏။

**(၄) ဟေတုသဟေတုကဒုက်**

ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိမဂ္ဂင်' သည် ဟိတ်လည်းမည် ဟိတ်လည်း ရှိ၏။ (ကြွင်းသော) မဂ္ဂင် ခုနစ်ပါးတို့ကို ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်။ ဟိတ်သာရှိ၍ ဟိတ် မမည် ကုန်။

**(၅) ဟေတုဟေတုသမ္ပယုတ္တဒုက်**

ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိမဂ္ဂင်' သည် ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်၏။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့ကို ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်ကုန်။

**(၆) နဟေတုသဟေတုကဒုက်**

မဂ္ဂင်ခုနစ်ပါးတို့သည် ဟိတ် မမည်မူ၍ ဟိတ်သာ ရှိကုန်၏။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိမဂ္ဂင်' ကို ဟိတ် မမည်မူ၍ ဟိတ်သာ ရှိ၏ဟူ၍ လည်းကောင်း၊ ဟိတ်လည်း မမည်, ဟိတ်လည်း မရှိဟူ၍ လည်းကောင်း မဆိုအပ်။ (ဒုက်မုတ်)

# မင်္ဂလ်ဝိဘင်္ဂ

## စူဠနိဒ္ဒေသ ရဒုက်အဖြေဝိသဇ္ဇနာ

**(၇) သပ္ပစ္စယဒုက်**

မဂ္ဂင်ရှစ်ပါးတို့သည် ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်း ရှိကုန်၏။

**(၈) သင်္ခတဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။

**(၉) သနိဒဿနဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) မြင်အပ်သော သဘော မရှိကုန်။

**(၁၀) သပ္ပဋိဃဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) ထိပါးတတ်သော သဘော မရှိကုန်။

**(၁၁) ရူပီဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) နာမ်တရား ဖြစ်ကုန်၏။

**(၁၂) လောကိယဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) လောကမှ ထွက်မြောက်တတ်ကုန်၏။

**(၁၃) ကေနစိဝိညေယျဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောရှိကုန်၏၊ တစ်စုံ တစ်ခုသော စိတ်သည် သိအပ်သော သဘော မရှိကုန်။

# မဂ္ဂင်္ဂဝိဘင်္ဂ

## အာသဝဂေါစ္ဆကဒုက်အဖြေဝိသဇ္ဇနာ

**(၁၄) အာသဝဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) အာသဝ မမည်ကုန်။

**(၁၅) သာသဝဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) အာသဝ၏ အာရုံ မဖြစ်ကုန်။

**(၁၆) အာသဝသမ္ပယုတ္တဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) အာသဝနှင့် မယှဉ်ကုန်။

**(၁၇) အာသဝသာသဝဒုက်**

(မဂ္ဂင်ရှစ်ပါးတို့ကို) အာသဝလည်းမည်၊ အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ (ဒုက်မုတ်)

**(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက်**

(မဂ္ဂင်ရှစ်ပါးတို့ကို) အာသဝလည်းမည်၊ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ အာသဝ နှင့်သာ ယှဉ်၍ အာသဝ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ (ဒုက်မုတ်)

**(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) အာသဝနှင့်လည်း မယှဉ်၊ အာသဝ၏ အာရုံလည်း မဖြစ်ကုန်။

## သံယောဇနဂေါစ္ဆကအဖြေ

**(၂၀-၂၅) သံယောဇနဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

# မဂ္ဂင်ဝိဘင်

## ဂန္ထဂေါစ္ဆကအဖြေ

**(၂၆-၃၁) ဂန္ထဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) ဂန္ထ မမည်ကုန်။ပ။

## ဩဃဂေါစ္ဆကအဖြေ

**(၃၂-၃၇) ဩဃဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) ဩဃ မမည်ကုန်။ပ။

## ‘ယောဂဂေါစ္ဆကအဖြေ

**(၃၈-၄၃) ယောဂဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) ယောဂ မမည်ကုန်။ပ။

## နီဝရဏဂေါစ္ဆကအဖြေ

**(၄၄-၄၉) နီဝရဏဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) နီဝရဏ မမည်ကုန်။ပ။

## ပရာမာသဂေါစ္ဆကအဖြေ

**(၅၀-၅၄) ပရာမာသဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) ပရာမာသ မမည်ကုန်။ပ။

# မဂ္ဂင်ဝိဘင်

## မဟာန္တရဒုက်အဖြေဝိသဇ္ဇနာ

**(၅၅) သာရမ္မဏဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) အာရုံပြုခြင်း ရှိကုန်၏။

**(၅၆) စိတ္တဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ် မမည်ကုန်။

**(၅၇) စေတသိကဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) စေတသိက် မည်ကုန်၏။

**(၅၈) စိတ္တသမ္ပယုတ္တဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်နှင့် ယှဉ်ကုန်၏။

**(၅၉) စိတ္တသံသဋ္ဌဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်နှင့် နှီးနှော၊ကုန်၏။

**(၆၀) စိတ္တသမုဋ္ဌာနဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်ကြောင့် ဖြစ်ကုန်၏။

**(၆၁) စိတ္တသဟဘူဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်နှင့်တကွ ဖြစ်ကုန်၏။

**(၆၂) စိတ္တာနုပရိဝတ္တိဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။

**(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။

**(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်လည်းတကွ ဖြစ်ကုန်၏။

**(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်ကုန်၏။

**(၆၆) အဗျတ္တိကဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။

**(၆၇) ဥပါဒါဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) မဟာဘုတ်လေးပါးတို့ကို မှီ၍ မဖြစ်ကုန်။

**(၆၈) ဥပါဒိန္နဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။

## ဥပါဒါနဂေါစ္ဆကအဖြေ

**(၆၉-၇၄) ဥပါဒါနဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) ဥပါဒါန် မမည်ကုန်။ပ။

## ကိလေသဂေါစ္ဆကအဖြေ

**(၇၅-၈၂) ကိလေသဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) ကိလေသာ မမည်ကုန်။ပ။

# မဂ္ဂဝိဘင်္ဂ

## ပိဋ္ဌိဒုက်အဖြေဝိသဇ္ဇနာ

**(၈၃) ဒဿနေနပဟာတဗ္ဗဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

**(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

**(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသောတရားတို့ မဟုတ်ကုန်။

**(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

**(၈၇) သဝိတက္ကဒုက်**

ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပမဂ္ဂင်' သည် ဝိတက်မရှိ။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့သည် ရံခါ ဝိတက် ရှိကုန်၏။ ရံခါ ဝိတက် မရှိကုန်။

**(၈၈) သဝိစာရဒုက်**

ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပမဂ္ဂင်' သည် ဝိစာရရှိ၏။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့သည် ရံခါ ဝိစာရ ရှိကုန်၏။ ရံခါ ဝိစာရ မရှိကုန်။

**(၈၉) သပ္ပီတိကဒုက်**

ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပမဂ္ဂင်' သည် ပီတိရှိ၏။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့သည် ရံခါ ပီတိ ရှိကုန်၏။ ရံခါ ပီတိ မရှိကုန်။

**(၉၀) ပီတိသဟဂတဒုက်**

ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပမဂ္ဂင်' သည် ပီတိနှင့်တကွ ဖြစ်၏။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့သည် ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ပီတိနှင့်တကွ မဖြစ်ကုန်။

**(၉၁) သုခသဟဂတဒုက်**

ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပမဂ္ဂင်' သည် သုခဝေဒနာနှင့်တကွ ဖြစ်၏။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့သည် ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏၊ ရံခါ သုခဝေဒနာနှင့်တကွ မဖြစ်ကုန်။

**(၉၂) ဥပေက္ခာသဟဂတဒုက်**

ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပမဂ္ဂင်' သည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့သည် ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန်။

**(၉၃) ကာမာဝစရဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) ကာမာဝစရ မမည်ကုန်။

**(၉၄) ရူပါဝစရဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) ရူပါဝစရ မမည်ကုန်။

**(၉၅) အရူပါဝစရဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) အရူပါဝစရ မမည်ကုန်။

**(၉၆) ပရိယာပန္နဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) ဝဋ္ဋတရား၌ အကျုံး မဝင်ကုန်။

**(၉၇) နိယျာနိကဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။ ရံခါ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ကုန်။

**(၉၈) နိယတဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါ အကျိုးပေးမြဲ ကုန်၏၊ ရံခါ အကျိုးပေး မမြဲကုန်။

**(၉၉) သဥတ္တရဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) မိမိထက် လွန်မြတ်သော တရား မရှိကုန်။

**(၁၀၀) သရဏဒုက်**

(မဂ္ဂင်ရှစ်ပါးတို့သည်) ငိုကြွေးကြောင်း ကိလေသာ မရှိကုန်။

**မဂ္ဂင် ၈-ပါးတို့ကို တိက်ဒုက်တို့ဖြင့် အမေးအဖြေပြု၍ ဝေဖန်ပြသော ပဥှာပုစ္ဆကနည်း ပြီး၏။**

## မဂ္ဂင်ရှစ်ပါးတို့ကို ဝေဖန်၍ပြသော

## မဂ္ဂင်ဝိဘင်း ပြီးပြီ။

------